ARAKAN LIBERATION PARTY

(Liberty) (Equality) (Fraternity)

# ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၏
# ရခိုင်ပြည်အမျိုးသားကောင်စီ(ANC)နှင့်ပူးပေါင်းဆောင်ရွက်မှုအားလုံးကို
# လုံးဝရပ်ဆိုင်းထားလိုက်ကြောင်းထုတ်ပြန်ကြေငြာခြင်း
# ကြေငြာချက်အမှတ်–၀၁၊၂၀၀၉

ရခိုင်ပြည်အမျိုးသားကောင်စီ(ANC)ကို ရခိုင်တမျိုးသားလုံးဆုံရပ်တခု၊ တနည်းအားဖြင့် တမျိုးသားလုံးဆိုင်ရာ ကိစ္စရပ်များတွင်၊တူညီသောသဘောထားများကို စုပေါင်းညှိနိုင်းရှာဖွေနိုင်ရန်ရည်ရွယ်ပြီး ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်ပေသည်။ သို့ရာတွင်အဖွဲ့ဝင်အချို့သည် အထက်ဖေါ်ပြပါရည်ရွယ်ချက်များနှင့် ANC၏ဖွဲ့စည်းပုံ လုပ်ထုံးလုပ်နည်းများကိုမျက်ကွယ်ပြုပြီး လုပ်ဆောင်လာကြသည်ကိုတွေ့လာကြရသည်။

၎င်းတို့မှာ ANCသဘာပတိအဖွဲ့ဝင် ဦးသိန်းဖေ(DPA)နှင့်အဖွဲ့ဝင်အချို့သည်(ANC)သဘာပတိ အဖွဲ့ဝင်များအတွင်းတွင်လည်းကောင်း၊ ဗဟိုကော်မီတီဝင်များအတွင်းတွင်လည်းကောင်း၊ ဆွေးနွေးမှုမရှိ၊ ဆုံးဖြတ်ချက် မရှိ၊ တာဝန်ပေးမှုမရှိဘဲ (ANC)အားပြည်သူ့အခြေခံဖြင့်ဖွဲ့စည်းထူထောင်ရန်အတွက်ကြိုးပမ်းလုပ်ဆောင်လာခဲ့သည်။

သဘာပတိအဖွဲ့ဝင်(၄)ဦး ဆွေးနွေးညှိနှိုင်းမှုမရှိဘဲ သဘာပတိအဖွဲ့ဝင်ဦးသိန်းဖေနှင့် အဖွဲ့ဝင်အချို့သည် ညီလာခံမှရွေးချယ်ခဲ့သော ANCသဘာပတိအဖွဲ့ဝင်ဦးသာနိုးALD၊ ဗဟိုကော်မီတီအဖွဲ့ဝင် ကျော်သိန်းမောင်(ALD)၊ ဗဟိုကော်မီတီအဖွဲ့ဝင် ဗိုလ်မှူးခိုင်မျိုးမင်း (ALP)တို့အား ထုတ်ပယ်ခြင်းများကိုလုပ်ဆောင်လာခဲ့သည်။

ANC သဘာပတိအဖွဲ့ဝင် ဦးသိန်းဖေနှင့်အဖွဲ့ဝင်အချို့သည် သဘာပတိအဖွဲ့ဝင်များအားတိုင်ပင် ညှိနှိုင်းမှုမရှိဘဲ ညီလာခံမှရွေးချယ်ခဲ့သော ANCအတွင်းရေးမှူးဦးမောင်မောင်အားထုတ်ပယ်ခဲ့သည်။ ထို့အပြင် မကြာမီအချိန်အတွင်း ဦးမောင်မောင်မှသူ၏အပြစ်ကိုဝန်ခံသည်ဟုအကြောင်းပြပြီး ANCအတွင်းရေးမှူးအဖြစ် ပြန်လည်တာဝန်ပေးအပ်ခဲ့သည်။

တဖန် ၂၀၀၈–ခုနှစ် နိုင်ဝင်ဘာလတွင် ANC အလှည့်ကျသဘာပတိ ဦးဖဒီးဖြူ(NUPA)နှင့် အဖွဲ့ဝင်အချို့သည်၊တခြားသောသဘာပတိအဖွဲ့ဝင်များအားဆွေးနွေးမှုမရှိဘဲ ANCသဘာပတိအဖွဲ့ဝင် ဦးသိန်းဖေကိုလည်းကောင်း၊ ANC တွဲဘက်အတွင်းရေးမှူး ဦးမောင်လူကြီးကိုလည်းကောင်း ထုတ်ပါယ်ခဲ့သည်။ ထို့အပြင်ညီလာခံကဆုံးဖြတ်ချက်အရ နယူးဒေလီတွင်ထားရှိသော ANC၌ာနချုပ်ရုံးကိုလည်း ဒက္ကားမြို့သို့ရွှေ့ပြောင်းခဲ့သည်။

အထက်ဖေါ်ပြပါလုပ်ရပ်များသည် ANC၏ဖွဲ့စည်းပုံလုပ်ထုံးလုပ်နည်းများနှင့်သော်လည်းကောင်း၊ ANC၏မူလရည်ရွက်ချက်များနှင့်သော်လည်းကောင်း၊ ရခိုင်တမျိုးသားလုံး၏အကျိုးစီးပွားများနှင့်သော်လည်းကောင်း လုံးဝဆန့်ကျင်ဘက်ဖြစ်လာသည့်အတွက် ထိုလုပ်ရပ်များသည် မိမိတို့ရခိုင်ပြည်လွတ်မြောက်ရေးပါတီALPနှင့် လုံးဝမသက်ဆိုင်ကြောင်းနှင့် ALPအနေဖြင့် ANCတွင်ပါဝင်ပူးပေါင်းလုပ်ဆောင်နေမှုများအားလုံးကို၂၀၀၉–ခု၊ ဖေဖေါ်ဝါရီလမှစ၍ လုံးဝရပ်ဆိုင်းထားလိုက်ပေသည်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်အမျိုးသားကောင်စီANCနှင့်ပတ်သက်၍ နောက်ဆက်တွဲဖြစ်ပေါ်လာမည့် အရာဟူသမျှသည် ကျွန်ုပ်တို့ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)နှင့် လုံးဝပတ်သတ်မှုမရှိတော့ပါကြောင်း ထုတ်ပြန်ကြေငြာ အပ်ပေသည်။

ဗဟိုကော်မီတီ
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ
နေ့စွဲ–၂၀၀၉–ခု၊ ဖေဖေါ်ဝါရီလ(၂၇)ရက်